# ပြည်ထောင်စုမြန်မာနိုင်ငံ၏ရှတ်တရက် အသုံးစရိတ် ရံပုံငွေအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊အက်ဥပဒေအမှတ် ၃၁။] (၁၉၅၁ ခု၊ အောက်တိုဘာလ ၁ ရက်)။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ရှတ်တရက် အသုံးစရိတ် ရံပုံငွေအက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။ရှတ်တရက်ပေါ်ပေါက်သည့် ကိစ္စများအတွက် ခေတ္တထုတ်သုံးငွေ သဘောမျိုးဖြင့် အသုံးပြုရန် ရံပုံငွေတရပ်ထားရှိရမည်။ ထိုရံပုံငွေကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရှတ်တရက် အသုံးစရိတ်ရံပုံငွေဟု ခေါ်ရမည်။ ထိုရံပုံငွေသို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော် ငွေများမှ [2] [ကျပ် သုံးကုဋေ] ပေးသွင်းရမည်။

---

[1] For such rules, see *Burma Gazette*, 1948, Part I, p. 257.

[2] ၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၁ အရ အစားထည့်သွင်းသည်။

၃။ ။ပြည်ထောင်စုမြန်မာနိုင်ငံ၏ရုတ်တရက် အသုံးစရိတ်ရံပုံငွေကို၊ နိုင်ငံတော် သမတ၏ ကိုယ်စား၊ ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာနက ထိန်းသိမ်းထားရမည်။ကြိုတင်မသိမမြင်နိုင်သော အသုံးစရိတ်များကို ပါလီမန်က ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းဆိုင်ရာတရားဥပဒေဖြင့် ခွင့်မပြုသေးမီ၊ ထိုအသုံးစရိတ်များကိုကျခံရန် အဆိုပါရံပုံငွေမှငွေများ ကြိုတင်ထုတ်ပေးနိုင်သည်။ အခြားမည်သည့် ကိစ္စအတွက်မျှ ထိုရံပုံငွေမှ ငွေများထုတ်ပေးခြင်းမပြုရ။

၄။ ။ဤအက်ဥပဒေပါရည်ရွယ်ချက်များကိုဆောင်ရွက်ရန်အလို့ငှါ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ၏ ရုတ်တရက် အသုံးစရိတ်ရံပုံငွေကို ထိန်းသိမ်းခြင်း၊ ထိုရံပုံငွေသို့ ငွေများပေးသွင်းခြင်း၊ ထိုရံပုံ ငွေမှ ငွေများထုတ်ယူခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးအတွက်၊သို့တည်းမဟုတ် ထိုကိစ္စများနှင့် ဆက်သွယ်၍ဖြစ်ပေါ်လာသောကိစ္စအားလုံးအတွက်၊နိုင်ငံတော်သမတသည် နည်းဥပဒေများပြဋ္ဌာန်း နိုင်သည်။

---